ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (31-7-2010)(၆၄၇၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြိုဆို နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နေပြည်တော် ဇူလိုင် ၃၀

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ သမ္မတနန်းတော် အဆောက်အအုံ Darbar ခန်းမ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နံနက် ၉ နာရီ ၁၀ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ၏ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဂုဏ်ပြုခံစင်မြင့်၌ နေရာယူ

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်တို့သည် ဂုဏ်ပြုခံစင်မြင့်၌ နေရာယူကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့✳

The Mirror
၃၁-၇-၂၀၁၀
(စနေနေ့)

မူးယစ်ကင်းစင် လူမှုပတ်ဝန်းကျင်ဖန်တီး

ကမ္ဘာတစ်ဝန်းတွင် မူးယစ်ဆေးဝါးများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပျံ့နှံ့သုံးစွဲမှုများ ဖြစ်ပေါ်နေသည်။ ဘိန်း၊ ဘိန်းဖြူ ဘိန်းဆီ၊ ဆေးခြောက် စသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို အခြေခံထုတ်လုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြားများဖြစ်သည်။

အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများ ပျံ့နှံ့သုံးစွဲလျက်ရှိရာ အန္တရာယ်ကြီးမားလှသည်။ မူးယစ်ဆေးဝါး သုံးစွဲသူ၊ ထုတ်လုပ်ရောင်းဝယ်သူများအားလုံးနှင့် ဆက်စပ်နေသော လူမှုပတ်ဝန်းကျင်ကို ညှိုးနွမ်းပျက်သုဉ်းစေရန် ရိုက်ခတ်လျက်ရှိသည်။ မူးယစ်ဆေးဝါးသုံးစွဲ၊ ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများသည် သက်ဆိုင်သူများ၏ စီးပွားရေး၊ လူမှုရေးကို ထိခိုက်ပျက်စီးဆုံးရှုံးစေသည်ဖြစ်ရာ သက်ဆိုင်ရာနိုင်ငံအလိုက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အလေးထားလုပ်ဆောင်နေကြရပေပြီ။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်နေသည်။ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကိုချမှတ်၍ စီမံကိန်းကာလသတ်မှတ်ချက်များနှင့်အညီ ဖော်ဆောင်နေသည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ စီမံကိန်းကာလအတွင်း နှစ်အလိုက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရီးရောက် အောင်မြင်မှုများ ရရှိနေပြီ။

ဘိန်းစိုက်ပျိုးလေ့ရှိသော ဒေသအချို့တွင် ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဘိန်းခင်းများကို ဖျက်ဆီးနိုင်လျက်ရှိသည်။ တစ်ဖက်မှလည်း ဒေသခံများအား ရော်ဘာ၊ ပြောင်း၊ လိမ္မော်၊ ကြံ စသည့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးစေခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ထူထောင်အားပေးခြင်းတို့ဖြင့် ပံ့ပိုးကူညီလျက်ရှိသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုများသည် ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများနှင့် ဆက်စပ်လျက်ရှိရာ မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို အရှိန်အဟုန်ဖြင့် တားဆီးနှိမ်နင်းနေသည်။ ၂၀၁၀ ခုနှစ် ဇွန်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၈၉ မှု ဖမ်းဆီးနိုင်ခဲ့သည်။ ဘိန်း၊ ဘိန်းဖြူ ဘိန်းဆီခဲ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူ ၃၀၀ ကျော်တို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် စိတ်ကြွရူးသွပ်ဆေးပြားများသည် လူသားများကို အန္တရာယ်ပြုခြိမ်းခြောက်နေဆဲဖြစ်သည်။ နိုင်ငံတော်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်လျက်ရှိသည်။ ပြည်သူတစ်ရပ်လုံးက ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက် ပါဝင်ကူညီကြခြင်းဖြင့် မူးယစ်ကင်းစင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးဖော်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ -ပိဋကတ်အခြေခံရင့်သန်ကျွမ်းကျင် စာတတ်စေဖို့ စနစ်တကျသင်
၇း၂၅	၄။	ဓမ္မပူဇာတေး
၇း၃၀	၅။	မျိုးချစ်တပ်မတော်
၇း၃၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၂၅)**
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -စုန်ရေစီးသံ (ရဲအောင်၊ ဟိန်းဝေယံ၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)**
၁း၃၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၆)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၅	၄။	မြတ်နိုးကြစေအမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၃။	စားဖို့ဆောင်ချစ်သူ
၆း၄၅	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့သူရဲကောင်း (အပိုင်း-၃၆)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူ့ရွှင်တော်စတား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လရောင်ဆမ်းတဲ့ဒဏ္ဍာရီ (အပိုင်း-၂၅)**
	၂၄။	လင်းရောင်စဉ်အတွက်ပုံရိပ်များ (အပိုင်း-၁၄)
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၀ ပြည့်နှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန မျက်နှာစာဧရိယာ၌ ယနေ့ နံနက် ၇ နာရီတွင် ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ ယင်းမာပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ယင်းမာ၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုးနှင့် မည်စည်ပင်များကို စိုက်ပျိုးပေးကြပြီး သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် သစ်ပင်စိုက်ပျိုးနေကြသော ဝန်ထမ်းများအား လှည့်လည်၍ ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသော ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်း ၈၁၀ ကျော် ပါဝင်ဆင်နွှဲကြပြီး ယင်းမာ၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုးနှင့် မည်စည်စသည့် သစ်မျိုးခြောက်မျိုး အပင် ၉၀၀ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သစ်တော)

ဒုတိယဝန်ကြီး ဦးသန်းငွေအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Wannarat Channukul ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းငွေအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Wannarat Channukul ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(စွမ်းအင်)

News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

FEC နှင့် အမေရိကန်ဒေါ်လာဈေးနှုန်း ကွာဟမှုမြင့်မားခြင်းအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သုံးသပ်ပြောကြား၊ ဒေါ်လာဈေးနှုန်း တက်လာသော်လည်း ရွှေဈေးနှုန်းမပြောင်းလဲ၊ ဆေးမကုသမီ စပေါ်ငွေ ပေးဆောင်ရသောစနစ် အသုံးများလာ၊ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်လိုင်းများမှ တာဝန်ရှိသူများကို အရေးယူမည်၊ မြို့နယ် ၄၀ တွင် အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ တိုးချဲ့မည်၊ လူတစ်ထောင်လျှင် တယ်လီဖုန်း သုံးစွဲသူ ၁၇ ဒသမ ၇၈ ရာခိုင်နှုန်းရှိလာ၊ ဗီယက်နမ်နိုင်ငံ လေ့လာရေးအဖွဲ့နှင့် ငါးလုပ်ငန်းအဖွဲ့ချုပ် လက်မှတ်ရေးထိုးရန်ရှိ၊ ခေတ်၊ စနစ်တွေပြောင်းနေသော်လည်း တောင်ပြုန်းမင်းနှစ်ပါးပွဲတော်သို့ ပန်းဆက်သူများ နှစ်စဉ်စည်ကားနေဆဲ၊ ကုန်သွယ်ရေကြောင်း အရာရှိ ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ တိုင်ကြားနိုင်ပြီ၊ အရောင်းအေးနေတဲ့ ဘေထုပ်ဈေးကွက်၊ ဆန်ချောထက် ဆန်ကြမ်းရောင်းအားပိုကောင်း၊ ယာဉ်လိုင်းများ၌ ပြန်အမ်းငွေ ပြေလည်စေရန် တစ်လလျှင် သိန်း ၄၀ လဲလှယ်ပေး၊ လျှပ်စစ်မီး တိုးမြှင့်ရရှိမှုကြောင့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်အသက်ဝင်လာ၊ ယာဉ်လိုင်းတချို့ ခရီးစဉ်အဆုံး မပြေးဆွဲသောကြောင့် ခရီးသည်များ အခက်တွေ့နေ၊ ဘဝဆိုတာ စစ်တိုက်နေရသလိုပဲလို့ ပြောခဲ့တဲ့ ပတ်ရှန်းဟ၊ လီဂျွန်ကီးရဲ့ အံ့သြစရာတွေနဲ့ ပြည့်ခဲ့ရသော ခွဲခွာခြင်း၊ အီးယူအရေးယူပိတ်ဆို့အသစ်များ အီရန်အာခံပြီ၊ ဂျပန်ပင်လယ်ပြင်၌ အမေရိကန်-တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မှုများ ဆက်လက်ပြုလုပ် . . . စသည့် ဖြစ်ပေါ်ပြောင်းလဲနေသော ကမ္ဘာ့အရေး၊ မြန်မာ့အရေးသတင်းများကို ဝေဝေဆာဆာဖြင့် (စောင့်ကြည့်) News Watch ဂျာနယ် ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် တရုတ်ပညာသင် ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပညာသင်ယူနေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ ယူနန်ပြည်နယ် စီးပွားရေးနှင့်ဘဏ္ဍာရေးတက္ကသိုလ်(အာဆီယံကောလိပ်)၊ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်(အရှေ့တောင်အာရှ တောင်အာရှဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်)၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကောလိပ်နှင့် ကွမ်ရှီး(ကွမ်း) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၊ ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်(ရှမ်းစီးဟူကောလိပ်)တို့မှ မြန်မာစာအဆင့်မြင့် တစ်နှစ်သင်တန်း၊ မြန်မာစာအခြေခံ တစ်နှစ်သင်တန်းနှင့် မြန်မာစာကျွမ်းကျင်မှုသင်တန်းသို့ တက်ရောက်နေကြသော တရုတ်ပညာသင် ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် သီရိရတနာခန်းမ၌ ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ပါမောက္ခ/ဌာနမှူးများ၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာစိုးမိုးမိုးနှင့် ဆရာ၊ ဆရာများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အာစရိယပူဇော်ပွဲတွင် ရှေးဦးစွာ တရုတ်ပညာသင် ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်နန်းသီချင်းကို သီဆိုဂုဏ်ပြု၍ ဖွင့်လှစ်သည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ဆရာ၊ ဆရာမများအား ကန်တော့ကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်း၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာစိုးမိုးမိုးနှင့် မြန်မာစာအသင်းဥက္ကဋ္ဌ မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာရွှေပြည်စိုးတို့က ဆုံးမသြဝါဒစကားနှင့် ဆုပေးစကား ပြောကြားပြီး မြန်မာ-တရုတ် တေးသီချင်းများ၊ အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အလိမ္မာစာမှာရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ ဂါရဝပြုတွေ့ဆုံ

နေပြည်တော်　　ဇူလိုင်　　၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီသည် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း နှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတ နိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီနှင့်အတူ Secretary Vice President's Secretariat Shri Shumsher K.Sheriff၊ ပြည်ပရေးရာဝန်ကြီးဌာနမှ Joint Secretary Shri T.S.Tirumurti နှင့် Joint Secretary,Vice President's Secretariat Shri P.Harish တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတ နိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ အား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ်အန်ဆာရီ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အိုဇုန်းလွှာကာကွယ်ရေးအထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းရောင်စုံဒီဇိုင်းပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံသည် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း(Vienna Convention for the Protection of the Ozone Layer) အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် အားလျော်စွာ ကွန်ဗင်းရှင်း (၂၅)နှစ်ပြည့်အထိမ်းအမှတ် အဖြစ် အိုဇုန်းလွှာကာကွယ်ရေး အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်း (Ozone Commemorative Postage Stamp) ထုတ်ဝေရန်အတွက် စာပို့တံဆိပ်ခေါင်း ရောင်စုံဒီဇိုင်းပြိုင်ပွဲကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မိမိတို့ ပေးပို့ယှဉ်ပြိုင်လိုသည့် တံဆိပ်ခေါင်း ရောင်စုံဒီဇိုင်းပုံကို လက်ဖြင့်ရေးဆွဲခြင်းဖြစ်ပါက မူရင်းရောင်စုံပုံကိုလည်းကောင်း၊ ကွန်ပျူတာဖြင့် ရေးဆွဲခြင်းဖြစ်ပါက ရောင်စုံဒီဇိုင်းပုံနှင့်အတူ Soft Copyကို စီဒီဖြင့် ပူးတွဲ၍လည်းကောင်း ပေးပို့ရမည်ဖြစ်ပြီး ဒီဇိုင်းရေးဆွဲသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံ (ဖုန်းနံပါတ်အပါအဝင်)နှင့်တကွ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈) နေပြည်တော် ဖုန်း-၀၆၇-၄၀၅၃၈၆၊ ၀၆၇-၄၀၅၃၉၀သို့ ဩဂုတ် ၁၃ ရက် နောက်ဆုံးထား၍ပေးပို့ကြရန်နှင့် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဒီဇိုင်းပုံ အရေအတွက် သုံးပုံအထိ ပေးပို့နိုင်ကြောင်း၊ စာပို့တံဆိပ်ခေါင်းဒီဇိုင်းကို ကိုယ်တိုင်ရေးဆွဲကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်ပြီး အရွေးချယ်ခံရသူအား ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

နှစ်နိုင်ငံနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေး နှစ်နိုင်ငံခေါင်းဆောင်များ အလေးထားဆောင်ရွက်ခဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကိုအခြေခံ အိမ်နီးချင်းကောင်းပီသစွာ လက်တွဲနေထိုင်လာခဲ့ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာမျက်နှာစာများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

☆ ကျောဖုံးမှ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့သည် Conference Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Pranab Mukherjee၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. A.K.Antony ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Palaniappan Chidambaram၊ ပြည်ပရေးရာ ဝန်ကြီးဌာနဝန်ကြီး Mr. Somanahalli Mallaiah Krishna၊ လျှပ်စစ်ဝန်ကြီးဌာနဝန်ကြီး Mr.Sushil Kumar Shinde၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး Mr. Mur Li Deora၊ သင်္ဘောပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာဝန်ကြီး Mr. G. K. Vasan၊ ပြည်ပရေးရာဝန်ကြီးဌာနမှ Minister of State Mrs. Preneet Kaur ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နှစ်နိုင်ငံ ခေါင်းဆောင်များသည် အပြန်အလှန် နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ နှစ်နိုင်ငံနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ခဲ့မှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို အခြေခံ၍ အိမ်နီးချင်းကောင်းပီသစွာ အတူတကွ လက်တွဲနေထိုင်လာခဲ့မှု အခြေအနေ၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများကိုလည်းကောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများ၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းပန်းဆက်သွယ်ရေးကိစ္စ၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း၊ တီးတိန်လမ်း ပြုပြင်ရေး၊ စတီးဝဲလမ်းမကြီး အဆင့်မြှင့်တင်ရေးကိစ္စများကိုလည်းကောင်း၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ အိုင်တီနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ရထားပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းကြသည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို Hyderabad House ခန်းမဆောင်၌ ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Palaniappan Chidambaram တို့ကလည်းကောင်း၊ ပြည်တွင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သာရေး ရန်ပုံငွေအဖွဲ့များ၊ ပညာရေးနှင့် သက်မွေးပညာအဖွဲ့အစည်းများမှတစ်ဆင့် အသေးစားဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီ ပေးရေး သဘောတူ စာချုပ်ကို နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အိန္ဒိယသမ္မတ နိုင်ငံပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Palaniappan Chidambaram တို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

❖ စာမျက်နှာ ၄ မှ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Somanahalli Mallaiah Krishna တို့ကလည်းကောင်း၊ သတင်းနှင့်ပြန်ကြားရေး ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် Mr. Raghu Menon တို့ကလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Secretary, Department of Science and Technology Dr. T. Ramasomi တို့ကလည်းကောင်း၊ ပုဂံအာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းဝန် Mr. Jawhar Sircar တို့ကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ထုတ်ပြန်

လက်မှတ်ရေးထိုးပွဲအပြီး၌ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ကို ၂၀၁၀ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

ပြည်တွင်းအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သာရေးရန်ပုံငွေအဖွဲ့များ၊ ပညာရေးနှင့် သက်မွေးပညာအဖွဲ့အစည်းများမှ တစ်ဆင့် အသေးစားဖွံ့ဖြိုးမှု စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ်အမ်ကရစ်ရှနားတို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာ

သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Secretary, Department of Science and Technology Dr. T. Ramasomi တို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

သတင်းနှင့်ပြန်ကြားရေး ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် Mr. Raghu Menon တို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

သတင်းနှင့် ပြန်ကြားရေး ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုး

မိန့်ခွန်း ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆက်ဆံရေးကို မဟာဗျူဟာကျသည့်ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်ရေး နှစ်နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းများကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်သွားရန်လိုအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မိမိတို့သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာတည်ရှိခဲ့သော မိတ်ဆွေကောင်းဖြစ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများက ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မှတ်ကျောက်တင်နိုင်ခဲ့

အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ဇူလိုင် ၂၇ ရက် ညပိုင်းတွင် နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲ မကျင်းပမီ ည ၇ နာရီခွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က သီးသန့်ခန်းမ၌ ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်အတူ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စစ် နီရူပါမားရောင်း (Mrs. Nirupama Rao)၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာရာဂျန် ရှေရှာဒရီ၊ သမ္မတ၏ ကိုယ်ရေးအရာရှိ ဒေါက်တာ ခရစ္စတီဖာနန်ဒီ (Dr. Christy Fernandez)၊ ပြည်ပရေးရာဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာ တီအက်စ် တီရူမာတီ (Mr.T.S.Tirumurti)နှင့် သံတမန်ရေးရာဌာန အကြီးအကဲ မစ္စတာ စူနီလ်လာလ် (Mr. Sunil Lal)တို့ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်တို့အား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက နှုတ်ဆက်ဂါရဝပြုသည့် အစီအစဉ်ကို ညစာစားပွဲကျင်းပမည့် ခန်းမရှေ့၌ ကျင်းပရာ ရှေးဦးစွာ စစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်တို့အား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ်အန်ဆာရီနှင့် ဇနီး၊ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဇနီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ အဆင့်မြင့်အရာရှိကြီးများက တစ်ဦးချင်း ဂါရဝပြုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်အား တစ်ဦးချင်း ဂါရဝပြုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိလာသော အဆွေတော် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။

မိမိတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာတည်ရှိခဲ့သော မိတ်ဆွေကောင်းဖြစ်မှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ သမိုင်းကြောင်း၊ ပထဝီအနေအထားနှင့် ယဉ်ကျေးမှုဆက်နွယ်မှုများက နှစ်နိုင်ငံရင်းနှီးမှုကို ထပ်လောင်းပံ့ပိုးပေးခဲ့ပါကြောင်း၊ ဗုဒ္ဓဘာသာ၏ တူညီသော အမွေအနှစ်များ၊ ကိုလိုနီစနစ်အောက်မှာ ရရှိခဲ့သည့် အတွေ့အကြုံများ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းလှုပ်ရှားမှုများနှင့် မကြာသေးမီကာလအတွင်းက ပေါ်ထွန်းလာခဲ့သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများက နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မှတ်ကျောက်တင်နိုင်ခဲ့ပါကြောင်း။

ပိုမိုတိုးတက်

အဆွေတော်၏ ၂၀၀၄ ခုနှစ်က အိန္ဒိယနိုင်ငံကို လာရောက်ခဲ့သည့် ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံမှုကို ပိုမိုခိုင်မြဲတိုးတက်စေခဲ့သော သမိုင်းဝင် ခရီးစဉ်တစ်ခုဖြစ်ခဲ့ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ပူးပေါင်း ဆောင်ရွက်မှုများကို ဖြစ်ထွန်းစေခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်အလည်အပတ်ခရီးစဉ်များလည်း တိုးတက်ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ဘက်စုံကဏ္ဍစုံမှ အဆက်မပြတ် တိုးတက်ဖြစ်ပေါ်လာနေကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ စီမံချက်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ နယ်စပ်ဒေသလမ်းတိုးချဲ့ရေးစီမံကိန်း၊ ထမံသီနှင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်း၊ မကွေးရှိ Heavy Truck တည်ဆောက်သည့် စက်ရုံစီမံကိန်း၊ လျှပ်စစ်လိုင်းများ သွယ်တန်းမှု စီမံကိန်းစသည်တို့အပြင် စွမ်းအင်၊ လျှပ်စစ်၊ လယ်ယာစိုက်ပျိုးရေး၊ သတင်းအချက်အလက်နည်းပညာနှင့် မီးရထားကဏ္ဍများတွင်လည်း ပိုမိုတိုးတက်စေခဲ့ပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့☆

မိန့်ခွန်း ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နယူးဒေလီမြို့ Rashtrapati Bhavanရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

☆စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံ၏ တည်ရှိမှုသည် အာဆီယံနိုင်ငံများနှင့် တောင်အာရှနိုင်ငံများအကြား ပေါင်းကူးတံတားသဖွယ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အာဆီယံဒေသသို့ ဂိတ်တံခါး ဝင်ပေါက်သဖွယ် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘင်းမ်စတက်ခ်အဖွဲ့၏ တက်ကြွသည့်အဖွဲ့ဝင်နိုင်ငံဖြစ်သကဲ့သို့ ဆာအတ်အဖွဲ့တွင်လည်း လေ့လာသူဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဒေသတွင်းရှိ နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ဆက်ဆံနိုင်မှုကို အထောက်အကူ ဖြစ်စေကြောင်း။

အဆွေတော်၏ ယခုခရီးစဉ်သည် နေ့ထူးနေ့မြတ်ဖြစ်သော ဝါဆိုလပြည့်နေ့ ပါဝင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ နေရာများကို သွားရောက်ကြည်ညိုနိုင်ခဲ့ကြောင်း။

ဒေလီမြို့တွင် ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံအကျိုးတူ ဆွေးနွေးမှုများသည် များစွာအကျိုးဖြစ်ထွန်းစေခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် မိမိတို့နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုများ ပိုမိုတိုးတက်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး နှုတ်ဆက်ဆုမွန်ကောင်းများ တောင်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့အား နယူးဒေလီမြို့တော်ကို ရောက်ရှိချိန်ကစပြီး နွေးထွေးစွာ ကြိုဆိုဧည့်ခံခဲ့သည့်အတွက်လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်းဧည့်ခံခဲ့သည့်အတွက် လည်းကောင်း လှိုက်လှဲဝမ်းမြောက်စွာ ကျေးဇူးတင်ရှိကြောင်းဖြင့် ပဏာမ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရေမြေနယ်နိမိတ်ချင်းဆက်စပ်လျက် နှစ်ထောင်ပေါင်းများစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသည့် အစဉ်အလာအားဖြင့် ချစ်ကြည်ရင်းနှီးကြသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပါကြောင်း၊ နှစ်နိုင်ငံ ပြည်သူများအနေဖြင့်လည်း နှစ်နိုင်ငံအကြား သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများ တူညီနီးကပ်မှုများကြောင့် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်သွယ်မှုများ ရှိကြပါကြောင်း၊ ဗြိတိသျှ ကိုလိုနီထမ်းပိုးအောက်က ရုန်းထွက်ခဲ့ကြရာမှာလည်း အတူတကွ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တူညီသော သမိုင်းအစဉ်အလာရှိသော နိုင်ငံများလည်းဖြစ်ကြကြောင်း။

လွတ်လပ်ရေးရရှိခဲ့ကြပြီးနောက် မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက် အပေါ်အခြေခံပြီး အိမ်နီးချင်းကောင်း ပီသစွာ နေထိုင်ဆက်ဆံလာခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများသည် လွန်ခဲ့သောဆယ်စုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် လည်ပတ်မှုများကြောင့် ပိုမိုခိုင်မြဲလာစေခဲ့ပြီး ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း။

အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာတောင့်တင်းလာစေခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကျယ်ပြန့်များပြားလာစေကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

တောင်အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများအကြား ဆက်သွယ်ရာမှာ မြန်မာနိုင်ငံအနေဖြင့် အဝင်မုခ်ဦးနှင့် ပေါင်းကူးတံတားသဖွယ် ဝမ်းမြောက်စွာ ကူညီဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာနေခြင်းကလည်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်လာစေရန် အပြန်အလှန် အထောက်အကူပြုစေမှာ ဖြစ်ပါကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာစေခဲ့သည့်အပြင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်သည့် ခေတ်သစ်ကို ပေါ်ထွန်းလာစေခဲ့ပါကြောင်း၊ ယခုမိမိ ချစ်ကြည်ရေးခရီးစဉ်၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မြဲစေရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆက်ဆံရေးကို မဟာဗျူဟာကျသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် နှစ်နိုင်ငံ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ထိရောက်လျင်မြန်စွာ ဆက်လက်ဖော်ထုတ် အကောင်အထည်ဖော်သွားရန် လိုအပ်မှာဖြစ်ပါကြောင်း။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲမှုများဖြစ်သည့် သတင်းအချက်အလက် နည်းပညာ၊ ဇီဝနည်းပညာနှင့် စိုက်ပျိုးရေးနည်းပညာ၊ စက်မှုနှင့် သိပ္ပံနည်းပညာနယ်ပယ်များ၏ အောင်မြင်မှုများကို တွေ့မြင်ရ၍ မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အိန္ဒိယနိုင်ငံမှ နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနှင့် ကူညီထောက်ပံ့ပေးမှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ အိန္ဒိယနိုင်ငံမှ နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားပြီး နှုတ်ခွန်းဆက်ဆုမွန်ကောင်းများ တောင်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်နှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် သမ္မတနန်းတော်မှ ခေတ္တတည်းခိုသည့် ITC Maurya Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က နယူးဒေလီမြို့ Rashtrapati Bhavanရှိ သမ္မတနန်းတော် သီးသန့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထိုအချိန်တွင် စစ်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်လာကြသော အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်နှင့် ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အလားတူ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ် ပါရာတီဘာဒေဗီဆင်းပတေးလ်နှင့်အတူ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး Mr. Pranab Mukherjee၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. A. K. Antony၊ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr.Somanahalli Mallaiah Krishna၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Palaniappan Chidambaram၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr.Sushil Kumar Shinde၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေ[...] ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြို[...] သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေ[...] အနားကို နယူးဒေလီမြို့ရှိ သမ္မတနန်းတော်[...] ကျင်းပစဉ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး[...] ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး [...] မဟတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန်သို့ သွားရောက်[...]

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေ[...] နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ [...] ပတေးလ်၏ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ပြီးနောက် နယူးဒေ[...] အထိမ်းအမှတ်ဗိမာန်သို့ သွားရောက်ကြသည်။

အလေးပြု

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်[...] တို့သည် မဟတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန် (Samadhi of Mahatama Gandhi) [...] ငြိမ်သက်၍ အလေးပြုသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အ[...] ကြဲချပေးကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗိမာန်[...] မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးအား မဟတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန် [...] အတွင်းရေးမှူး Mr.Rajneesh က ဗိမာန်၌ ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို [...] မဟတ္တမဂန္ဒီအထိမ်းအမှတ် ထုတ်ဝေထားသည့် စာအုပ်များနှင့် အထိမ်းအမှတ်လက်[...]

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟတ္တမဂန္ဒီအထိမ်[...] ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ဂါရဝပြုတွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Somanahalli Mallaiah Krishana သည် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ Foreign Secretary Mr.Nirupam Rao၊ Joint Secretary (BSM)Mr.T.S.Tirumurti၊ Director Mr.Gopal Bagley နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr.Villur Sundararajan Seshadri တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ishna၊
မ်းအင်
ဆင့်မြင့်
င်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို နယူးဒေလီမြို့ရှိ သမ္မတနန်းတော်အဆောက်အအုံ Darbar ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့ နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မ်းအမှတ်ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချ

နေပြည်တော် ဇူလိုင် ၃၀

င်တော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်း သို့ အခမ်းအနားသို့ တက်ရောက်ပြီးနောက် နယူးဒေလီမြို့ Rajghat ရှိ မဟတ္တမဂန္ဒီ ရောက်ကြသည်။

အလေးပြု

းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အမှတ်ဗိမာန် (Samadhi of Mahatama Gandhi) ၌ လွမ်းသူ့ပန်းခွေချပြီး တစ်မိနစ်ခန့်

မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အထိမ်းအမှတ်ဗိမာန်၌ ပွင့်ချပ်လွှာများ

လက်မှတ်ရေးထိုး

ကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗိမာန်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ ကြသည်။

လက်ဆောင်ပေးအပ်

မှူးကြီးအား မဟတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ က ဗိမာန်၌ ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို ရှင်းလင်းပြသပြီး ဗိုလ်ချုပ်မှူးကြီးအား တ်ဝေထားသည့် စာအုပ်များနှင့် အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟတ္တမဂန္ဒီအထိမ်းအမှတ်ဗိမာန်မှ ခေတ္တတည်းခိုသည့် ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေး ချမ်း သာယာ ရေး နှင့် ဖွံ့ ဖြိုး ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အိန္ဒိယသမ္မတ နိုင်ငံ ပြည်ပ ရေးရာ ဝန်ကြီး ဌာန ဝန်ကြီး Mr. Somanahalli Mallaiah Krishana အိန္ဒိယ သမ္မတ နိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့် ခန်းမဆောင်၌ လာ ရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၁၀ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "မဟာဒါန"တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Hip Hop Acoustics စာနယ်ဇင်းရှင်းလင်းပွဲ)
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၃)**
- ၈း၃၅ Sports World
- ၉း၀၀ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်. . . ကန်တော်ဦးမှုမြတ်စေတီ
- ၉း၁၀ ဆံကေသာကျန်းမာသန့်စွမ်း လှပစေရန်ရည်ရွယ်ညွှန်း
- ၉း၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၃၀ Activities In The City - မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် - Myanmar Insurance of Health Insurance Seminar
- ၁၁း၀၀ သွားမယ်စားမယ် (စံတော်ဝင် Food Center)
- ၁၁း၃၀ နေသူရိန်ပြောတဲ့ မင်းယှဉ်ရဲလား. . . ပြော
- ၁၁း၅၀ တောင်တန်းပေါ်ကစိန်တလုံး
- ၁၂း၀၀ မြင်ကွင်းထဲမှ ရိုက်ချက်များ
- ၁၂း၁၅ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်. . . ကန်တော်ဦးမှုမြတ်စေတီ
- ၁၂း၃၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၈) (ဘက်ပေါင်းစုံမှ ပြုစုကုသစောင့်ရှောက်ခြင်း)
- ၁း၀၀ "မဟာဒါန"တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်"(အပိုင်း-၆၃)**
- ၄း၄၅ Activities In The City - မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် - Myanmar Insurance of Health Insurance Seminar
- ၅း၁၅ နေသူရိန်ပြောတဲ့ မင်းယှဉ်ရဲလား. . . ပြော
- ၅း၄၀ ဆံကေသာကျန်းမာသန့်စွမ်း လှပစေရန်ရည်ရွယ်ညွှန်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၅၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၈း၅၅ သွားမယ်စားမယ် (စံတော်ဝင် Food Center)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၆၃)**
- ၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၈) (ဘက်ပေါင်းစုံမှ ပြုစုကုသစောင့်ရှောက်ခြင်း)
- ၁၀း၂၅ ဖန်တီးသူနှင့်အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၂)
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Hip Hop Acoustics စာနယ်ဇင်းရှင်းလင်းပွဲ)
- ၁၁း၀၀ မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
- ၁၁း၄၀ ကလေးများအတွက်အကောင်းဆုံး (ရီဝေယံ၊ မင်းရာဇာ၊ အကယ်ဒမီပန်းဖြူ ဖြိုးသူရကျော်) (ဒါရိုက်တာ-မင်းစိုးသီဟ)
- ၁၁း၅၅ သတင်းပေးလို့ဖော် တောင်ငူ ပဲကြော်၊ ပဲလှော်
- ၁၂း၀၅ မြန်မာ့တူရိယာစည်တော်ကြီး
- ၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော်အတိုက်အခံခေါင်းဆောင် မစ္စစ်ဆူရှာမာဆွာရတ်သည် ဇူလိုင် ၂၇ရက် ညနေ ၃ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော်အတိုက်အခံခေါင်းဆောင် မစ္စစ်ဆူရှာမာဆွာရတ် နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇူလိုင် ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်မိုးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လက်မှတ်ရေးထိုး

ပုဂံ အာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းဝန် Mr. Jawhar Sircar တို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်

နေပြည်တော် ဇူလိုင် ၃၀

မန္တလေးတိုင်းရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pak Ui Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pak Ui Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Pak Ui Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

နေပြည်တော်ကွင်း အုပ်စု(ဃ)

ပညာရေးဝန်ကြီးဌာန - လေးဂိုး
(သက်နောင်နောင်ထူး-သုံးဂိုး၊ နေဝင်းဇော်)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန - တစ်ဂိုး
(ကျော်သီဟ)
(ဒိုင်လူကြီး)ဦးသီဟကျော်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဃ)

သစ်တောရေးရာဝန်ကြီးဌာန - နှစ်ဂိုး
(လင်းထက်ကျော်နှင့်ဇင်လင်းအောင်)
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန - တစ်ဂိုး
(အောင်မိုးကျော်)
(ဒိုင်လူကြီး) ဦးသိန်းစော(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

လယ်ဝေးအားကစားကွင်း အုပ်စု(ခ)

ပြည်ထဲရေးဝန်ကြီးဌာန - ခြောက်ဂိုး
(အောင်ကိုကိုကျော်နှင့် မင်းမင်းဦး-နှစ်ဂိုးစီ၊ ထက်အာကာနွေးနှင့် သန်းစိုး)
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန - ဂိုးမရှိ
(ဒိုင်လူကြီး)ဦးအောင်ထွန်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဇူလိုင် ၃၁ ရက်ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစား ပြိုင်ကွင်း၌ (စ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၃၁-၇-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅	နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော် (အနတ္တလက္ခဏသုတ္တန် တရားတော်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (လေးပါးလေးဖြာမှတ်စရာ) တေးပဒေသာ ဘဝအသွင် ကဗျာ့အမြင် (အလင်းလမ်း) တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်တေးကဗျာ- အလင်းရှင်ကဗျာ)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (စိန်လွန်တူးသမားနှင့် စိန်နှလုံးသားပိုင်ရှင်) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၀)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ရိုးရာမပျက်တဲ့ မိုးဇာပြော)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (နဝမတန်း-စာရိတ္တနှင့်ပြည်သူ့နီတိ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပဲ့တင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	သူ့အကြိုက်သူ့အသွင် (ရိန်မိုး)
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်လည်းဝင်အဆိပ်ဖြေဆေးတစ်ပင်) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း ၂၀၁၀ ခုနှစ် ဩဂုတ်လအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၈း၂၀	သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet(21)
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

၂၀၁၀ ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ၌ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့ ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၃၀

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ၏ အသင်းလိုက် ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးမိုးဦးထွန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်၌ မွန်ပြည်နယ်နှင့် ယမန်နှစ်က ချန်ပီယံ ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်က သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသမီးအသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်၌ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။

ထို့နောက် တစ်ဦးချင်း နှစ်ယောက်တွဲ ရှုံးထွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး အသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးစဉ်။
(စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

အလေးမ နည်းစနစ်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန် နီပေါနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၃၀

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အာရှအလေးမ အဖွဲ့ချုပ်၏ အပြည်ပြည်ဆိုင်ရာ အလေးမ သုတေသနတွေ့ရှိချက် များဟောပြောပွဲနှင့် နည်းစနစ်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် အာရှအလေးမအဖွဲ့ချုပ် သိပ္ပံနှင့်သုတေသနကော်မတီဝင် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)**(ယာပုံ)**သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

မာ့ခ်ဟုချ်အား ဖူလ်ဟမ်နည်းပြအဖြစ်ခန့်အပ်

လန်ဒန် ဇူလိုင် ၃၀

အင်္ဂလန်ပရီမီယာလိဂ်မှ ဖူလ်ဟမ်အသင်းသည် မန်စီးတီးနည်းပြဟောင်း မာ့ခ်ဟုချ်အား နည်းပြအဖြစ် တရားဝင်ခန့်အပ်လိုက်ပြီဖြစ်သည်။

ဖူလ်ဟမ်နည်းပြဖြစ်လာသည့် မာ့ခ်ဟုချ်။

အသက်(၄၆)နှစ်ရှိ မာ့ခ်ဟုချ်သည် ဖူလ်ဟမ်အသင်းနှင့် နှစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး တစ်နှစ်လစာ ပေါင်နှစ်သန်းဖြင့် သဘောတူညီခဲ့ခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ်က ဝေလအသင်းနှင့် နည်းပြဘဝ စတင်ခဲ့သည့် မာ့ခ်ဟုချ်သည် ၂၀၀၄ ခုနှစ်တွင် ဘလက်ဘန်းအသင်းကို ကိုင်တွယ်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် မန်စီးတီးကို ရောက်ရှိကာ နည်းပြတာဝန်ထမ်းဆောင်ခဲ့သည်။ ဖူလ်ဟမ်နည်းပြရှိုင်းဟော့ဒ်ဆန်မှာ လီဗာပူးအသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်ခြင်းကြောင့် လစ်လပ်သွားသော ယင်း၏နေရာတွင် မာ့ခ်ဟုချ်နှင့် အစားထိုးခြင်းဖြစ်သည်။ မာ့ခ်ဟုချ်သည် ဘလက်ဘန်းနှင့် မန်စီးတီးတို့ကို ကိုင်တွယ်ခဲ့စဉ်က အောင်မြင်မှု ကြီးကြီးမားမား မရရှိခဲ့ပေ။ ***အင်တာနက်။***

ဆိုးကမ်းဘဲလ်ကို နယူးကာဆယ်ခေါ်ယူ

လန်ဒန် ဇူလိုင် ၃၀

အင်္ဂလန်ပရီမီယာလိဂ်သို့ တန်းတက်လာသည့် နယူးကာဆယ်အသင်းသည် အင်္ဂလန် နောက်ခံကစားသမားဟောင်း ဆိုးကမ်းဘဲလ်ကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဖြစ်သည်။

ဆိုးကမ်းဘဲလ်သည် အာဆင်နယ်အသင်းမှ ပို့စ်မောက်အသင်းသို့ သွားရောက်ကစားခဲ့ကာ ယင်းမှ အာဆင်နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ပြီးခဲ့သည့်ရာသီက အာဆင်နယ်အတွက် ၁၁ ပွဲ ဝင်ရောက်ကစားပေးခဲ့သည်။ အသက် (၃၅) နှစ်ရှိပြီဖြစ်သည့် ဆိုးကမ်းဘဲလ်သည် မကြာမတင်ကပင် အသက်(၂၉)နှစ်ရှိ ဖီရိုနာနှင့် လက်ထပ်ထားခဲ့သူဖြစ်သည်။ နယူးကာဆယ်ကစားသမား တေလာမှာ ဒဏ်ရာကြောင့် နယူးကာဆယ်အသင်း၏ အဖွင့်ပွဲစဉ်အချို့ကို လွဲချော်မည်ဖြစ်ပြီး ဆိုးကမ်းဘဲလ်မှာမူ မန်ယူအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။ ***အင်တာနက်။***

ရီးယဲလ်ငွေကြေးယ်ပွင့်ရာအူးလ် ရှော်ကေးနှင့် နှစ်နှစ်စာချုပ်ချုပ်ဆို

လန်ဒန် ဇူလိုင် ၃၀

စပိန်လာလီဂါ ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းတွင် ၁၆ နှစ်ကြာကစားခဲ့သည့် ရာအူးလ်သည် ယခုအခါ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ဂျာမန်ကလပ်ရှော်ကေးသို့ ရောက်ရှိသွားပြီဖြစ်သည်။

အသက်(၃၃)နှစ်ရှိ ရာအူးလ်သည် ရှော်ကေးနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ပြီး ရှော်ကေးနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိမည်ဟုလည်း မျှော်လင့်နေသည်။ စပိန်တိုက်စစ်မှူးဟောင်း ရာအူးလ်သည် ရီးယဲလ်မက်ဒရစ်၌ ပထမပွဲထွက်လူစာရင်းတွင် အမြဲလိုလို ပါဝင်ခဲ့ပြီး ရီးယဲလ်အတွက် ၇၄၁ ပွဲ ကစားပေးခဲ့ရာတွင် ၃၂၃ ဂိုး သွင်းပေးနိုင်ခဲ့သည့် တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ ***အင်တာနက်။***

ဝင်းတင် (ကြေးမုံ)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်နယ်နှင့်တိုင်း(၁၄)ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့သူ စက်ဘီးအားကစားဝါသနာရှင် သုံးဦးအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ပြည်နယ်နှင့်တိုင်း(၁၄)ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့သူ စက်ဘီးအားကစားဝါသနာရှင်သုံးဦးတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှုင်ယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးရှိုင်းသာဋ္ဌေးက ဂုဏ်ပြုစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်း (၁၄)ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့သူ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသီးလှိုင်က စက်ဘီးဖြင့် သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြသန်းထိုက်နှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဒေါ်မြင့်ဝေဝေတို့က စက်ဘီးအားကစားဝါသနာရှင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရှိုင်းသာဋ္ဌေးက ပြည်နယ်နှင့်တိုင်း (၁၄)ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့ကြသော ဦးသီးလှိုင်၊ ဦးဇော်မင်းဦးနှင့် ဦးအောင်နိုင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ အဆိုပါ စက်ဘီးအားကစားဝါသနာရှင်သုံးဦးအနက် ဦးသီးလှိုင်မှာ အသက်(၈၀)ရှိပြီ ဖြစ်သော်လည်း စက်ဘီးအားကစားကို နှစ်ခြိုက်သူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရှိုင်းသာဋ္ဌေး ပြည်နယ်နှင့်တိုင်း ၁၄ ခုသို့ စက်ဘီးဖြင့် သွားရောက်ခဲ့ကြသော ဦးသီးလှိုင်၊ ဦးဇော်မင်းဦးနှင့် ဦးအောင်နိုင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။ (စက်ဘီးအဖွဲ့ချုပ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေး တင့်အောင်)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ ဒေသထွက်ကုန်အဖုံဖုံ မန္တလေးကမုန့်မျိုးစုံ
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ Local Talent
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၀၅ ၅။ Yan Can Cook
၁၂း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သော ချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၉)**
၁း၂၀ ၇။ "မြေကမ္ဘာမှတ်တမ်း"
၁း၃၅ ၈။ ဂီတသံစဉ်အလှဆင်
၁း၅၅ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၂း၀၀ ၁၀။ အဆိုပြိုင်ပွဲ
၂း၁၀ ၁၁။ "ဇမ္ဗူဒီပါမှာ ထွန်းတဲ့ကျွန်း"
၂း၅၀ ၁၂။ International News
၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၆။ ကဗျာပန်းဥယျာဉ်
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၅ ၈။ ပြောင်းလဲနေသော ကမ္ဘာ့ရာသီဥတု အခြေအနေများ
၅း၄၀ ၉။ မိုးဒေဝါနှင့် မိုးဒေဝါကို ဖန်တီးကြသူများ (ဗိုလ်ကလေး တင့်အောင် စီစဉ်တင်ဆက်သည်။)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅ ၁၃။ **ယဉ်တစ်ကိုယ်မယ်**
၇း၀၀ ၁၄။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "အတိတ်---ရဲ့ပုံရိပ်" (အပိုင်း-၁)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ ရွှေမြရံခြယ် [တေးဆို-စိုးစန္ဒာထွန်း နှင့်အဖွဲ့၊ တေးရေး- မောင်မောင်အေး (အလင်္ကာဝတ်ရည်)]
၂၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၄၆)**
၂၁။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၇)**
၂၂။ ဂီတတံခါးလေးဖွင့်ပါဦး
၂၃။ အစီအစဉ်ပြီး၏။

တာချီလိတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ပါလှံ့(၃)ရပ်ကွက်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ရောက်ရှိနေသော မနန်းအီ (ခ)မအီနန်းအား ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် တာချီလိတ်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ဗိုလ်တထောင်မြို့နယ် မိုးရာသီ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဇူလိုင် ၂၈ရက်က အထက(၆) ဗိုလ်တထောင်ကျောင်း ဘောလုံးကွင်း၌ ကျင်းပရာ အကြီးတန်းတံခွန်စိုက်ဒိုင်းဆု ရရှိသော အထက(၆) ဗိုလ်တထောင်အသင်းအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝမ်းငွေး ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ ကလောမြို့နယ်အတွင်း လေ့ကျင့်မှုများပြုလုပ်

နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုး ဦးဆောင်ပါဝင်သောအဖွဲ့ဝင် ၃၄၁ ဦးတို့သည် ဇူလိုင်၂၃ရက်မှ ၂၄ရက်အထိ ရှမ်းရိုးမတောင်တက်လေ့ကျင့်ရေးခရီးစဉ်ကို သွားရောက်ခဲ့ကြသည်။

အဖွဲ့ဝင်များအဖြစ် တောင်တက်အားကစားဝါသနာရှင်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊စိုက်ပျိုးရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁) (ရန်ကုန်)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၊ နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ ရေကြောင်းပညာသင်တက္ကသိုလ်(ရန်ကုန်)၊ ဒဂုံတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်၊မန္တလေးဆေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်(မိတ္ထီလာ)၊ စီးပွားရေးတက္ကသိုလ်(မုံရွာ)၊ မုံရွာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မကွေး)နှင့် အဝေးသင်တက္ကသိုလ်တို့မှ အုပ်ချုပ်သူဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူတို့ လိုက်ပါခဲ့သည်။

ယင်း တောင်တက်အဖွဲ့သည် နိုဝင်ဘာလအတွင်း ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မည်သူမျှမတက်သေးသော မလိခရေခဲတောင် (ခန့်မှန်းပေ ၁၆၀၀၀ကျော်)သို့ တက်ရောက် အောင်မြင်နိုင်ရေးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အတွင်းရှိ မြင်းဒိုက်ဘူတာအနီးရှိ မြင်းဆိုင်ကုန်း အထက်တန်းကျောင်းခွဲတွင် အခြေပြု၍ ဆင်တောင်၊ မြင်းမထိတောင်များသို့ စည်းရုံးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အလ္လကပ္ပတော ချောင်းဦးလမ်းပေါ်ရှိ အရှည်ပေ ၃၀၀၀ အား အမာခံ ကျောက်ချောခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်နိုင်ဝင်း တာဝန်ခံ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

Since 1989
SAYA-TONY
IELTS Foundation
• IELTS (Aug/Sept) Exam
• Elementary Spoken English (ESE)
• Intermediate General English (IGE)
• Advanced General English (AGE)
• Basic Grammar & Essay (BGE)
• Grammar & Academic Writing (GAW)

သက်တောင့်သက်သာ သလင်းကျောက်ကုထုံး
ဟိန်းလတ်

ဝမ်းမြောက်ဝမ်းသာ ဖိတ်ခေါ်ခြင်း
Institute of Technical Education (I.T.E)
I.T.E Certificate
I.T.E General Fitter
TEL : 392233/377576/386877

မြစပါယ် ပန်းဆိုးတန်းဆိုင်ခွဲ ဖွင့်ပြီ
ဆိုင်ဖွင့်ချိန် နံနက် ၇း၀၀ မှ ည ၉း၀၀ ထိ
City Mart

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ်(စက်မှုလက်မှု)၊ မြေကွက်အမှတ်(၇၅/က)၊ (၇၅/က¹) ဦးရာဂျ်ကူးမားရှိ [၁၂/ပဘတ(နိုင်)၀၁၄၃၅၈] အမည်ပေါက်နှင့် (အဖ) ဦးစောမူ၏သား ဦးမြင့်သိန်း [၁၂/ဗတထ(ဧည့်)၀၀၀၁၇၃] အမည်ပေါက်သော ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်(စက်မှုလက်မှု)၊ မြေတိုင်းရပ်ကွက်အမှတ်(စက်မှုလက်မှု)၊ မြေကွက်အမှတ်(၇၄)(၇၅) (၇၆)ဟူသော မြေကွက်များကို တရားဝင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူဟု တင်ပြပြောဆိုသော (အဖ) ဦးမန်ဒဲပါးခေသန်း၏သား ဦးရာဂျ်ကူးမားရှိ [၁၂/ပဘတ(နိုင်)၀၁၄၃၅၈] ထံမှနေ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးတိုင်လွှဲပြောင်းဝယ်ယူရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေကွက်(၅)ကွက်အား ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ တရားဝင် ပိုင်ခွင့်ရှိသောသူများနှင့် ကန့်ကွက်လိုသူများသည် ယခုကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့် စာရွက်စာတမ်းများတင်ပြလျက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ပြီးဆုံးတိုင် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးမိုး၏ လွှဲအပ်ချက်အရ
စိန်ဂျွန်းခင်မောင်သန်း(၆၀၅၁) တရားရုံးချုပ်ရှေ့နေ
LL.B, DBL, DML, DIL, DA, Psy
၁၁၃/၅+၆ လွှာ (ဝဲခန်း)၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၇၀၀၆၅၄

မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရန်ကုန်တိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် ၁ဒသမ ၁၀လက်မ၊ နေပြည်တော် (ရေဆင်း)တွင် သုည ဒသမ ၇၉လက်မ၊ ကျိုက်မရောမြို့တွင် ၄ဒသမ ၀၉လက်မ၊ ပူတာအိုမြို့တွင် ၃ဒသမ ၄၆လက်မ၊ ချောင်းဆုံမြို့တွင် ၃ဒသမ ၀၃လက်မ၊ စစ်တွေမြို့တွင် ၂ဒသမ ၇၆လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ ၅၂လက်မ၊ ကျောက်တော်မြို့တွင် ၂ဒသမ ၄၄လက်မ၊ ကလေးဝမြို့တွင် ၂ဒသမ ၂၀လက်မ၊ ပလက်ဝမြို့တွင် ၂ဒသမ ၁၃လက်မ၊ ဗန်းမော်မြို့တွင်၂ဒသမ ၀၉လက်မ၊ ဇောင်းတူမြို့တွင် ၂ဒသမ ၀၁လက်မ၊ နမ့်စန်မြို့တွင် ၁ဒသမ ၉၇လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် မကွေးမြို့တွင် သုညဒသမ ၇၉လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၃၁ ရက် ညနေထိခန့်မှန်းချက်။ ။ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမသုညဒီဂရီစင်တီဂရိတ်)၉၀ ဒီဂရီဖာရင်ဟိုက် ၂၉-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမ ၅ဒီဂရီစင်တီဂရိတ်)၇၈ဒီဂရီဖာရင်ဟိုက် ၃၀-၇-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၁ရာခိုင်နှုန်း ၃၀-၇-၂၀၁၀
နေပူသည့်နာရီပေါင်း သုညဒသမ ၉နာရီခန့် ၂၉-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၃၀-၇-၂၀၁၀	၃မမ (သုညဒသမ ၁၂လက်မ)	မရှိပါ	၁၅မမ (သုညဒသမ ၅၉လက်မ)
၁-၁-၂၀၁၀မှ ယနေ့အထိ	၁၀၅၂မမ (၄၁ဒသမ ၄၂လက်မ)	၁၁၈၅မမ (၄၆ဒသမ၆၅လက်မ)	၁၄၂၀မမ (၅၅ဒသမ၉၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၇-၂၀၁၀ ရက် ၉း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်းတိုက်ခတ်သည်။

အင်ဂျန်းယန်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၃ရက်တွင် အင်ဂျန်းယန်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ တက်ရောက်လာသူများက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးတင်ပြကြ၍ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် အင်ဂျန်းယန်မြို့ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ တင်ပြချက်အပေါ် လိုအပ်သည်များကို မှာကြားကာ တိုင်းမှူးက အလှူငွေများပေးအပ်သည်။

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍**(ယာပုံ)** ကျန်းမာရေးဝန်ထမ်းများအား အလှူငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၂၇ ရက်က ကွယ်လွန်သူ ဖခင်ကြီး ဦးလှငွေ-မိခင်ကြီး ဒေါ်ထွေးရီ၊ သား-ကိုကျော်ကျော်တို့အားရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁)ရပ်ကွက် (၄၄/၄)လမ်းနေ သား၊ သမီး၊ မြေးမိသားစုတို့က တွံတေးမြို့ရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းထံ လှူဒါန်းစဉ်။ (၃၄၂)

ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်နှင့် ခမောက်ကြီးမြို့ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲကျင်းပ

ကော့သောင်း ဇူလိုင် ၃၀

ကော့သောင်းမြို့နယ် ကော်မရှင်အဖွဲ့က ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၇ရက် နံနက်စနာရီက ဟံသာဝတီခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အတွင်းရေးမှူး ဦးကျော်ဇေယျက အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းကို မြို့နယ်ကော်မရှင်အဖွဲ့ သုံးဖွဲ့မှ ကော့သောင်းမြို့နှင့် ခမောက်ကြီးမြို့တို့၌ ဇူလိုင် ၁၇ရက်နှင့် ၁၈ရက် တို့တွင် ဆင့်ပွားသင်တန်းပေးခဲ့ကြသည်။ အဆိုပါသင်တန်းသို့ ကော့သောင်းမြို့နယ်အတွင်းရှိရပ်ကွက်၊ကျေးရွာအုပ်စုနှင့် ခမောက်ကြီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၃၀၁ ဦး တက်ရောက်ကြကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

မြို့သစ် ဇူလိုင် ၃၀

မြို့သစ်မြို့ပေါ်ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ ရေမြောင်းအတွင်း အမှိုက်များရှင်းလင်းခြင်းကို ဇူလိုင် ၂၇ ရက်က မြို့ပေါ်ငါးရပ်ကွက်ရှိ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့ ကြီးကြပ်ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

အထက(သရက်ချောင်း) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇူလိုင် ၃၀

ထားဝယ်ခရိုင် သရက်ချောင်းမြို့ အထက(သရက်ချောင်း)တွင် ၁၉၅၂ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက(သရက်ချောင်း)၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင် လှူဒါန်းလိုပါက မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးဦးစီးကော်မတီရုံးခန်း ဖုန်း-၀၅၉-၃၅၁၀၉၊ ဒေါက်တာစိုးသိန်း ဖုန်း-၀၅၉-၃၅၀၃၃၊ ဦးငွေဝင်း ဖုန်း-၀၉-၈၇၄၀၆၇၃၊ ဦးထွန်းမင်း ဖုန်း-၀၅၉-၃၅၀၇၃၊ ဦးမိုးဝေလွင် ဖုန်း-၀၉-၈၇၄၁၉၆၃၊ ဦးစိုးထွေး ဖုန်း-၀၅၉-၃၅၀၆၂၊ ဦးအောင်စောလှ ဖုန်း-၀၅၉-၂၃၁၅၅၊ ဦးအလန် ဖုန်း-၀၉-၈၇၄၁၈၇၈၊ ဦးလွင်နိုင်(ဖိုးသံလုံး)ဖုန်း-၀၉-၈၇၄၁၄၃၀ နှင့် ဒေါ်သန်းသန်းခွဲ့ ဖုန်း-၀၉-၈၇၂၀ ၈၆၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (ကြေးမုံ)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇူလိုင် ၁၄ရက်က လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ခြင်ဆေးဖျန်း

ဇူလိုင် ၁၈ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးနှင့် ခြင်အန္တရာယ် ကင်းဝေးရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးလှဦးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လက်ပံတန်းအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်(၆၄၂၈၂၁)၌ ဩဂုတ် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် လက်ပံတန်းအသင်းသူ၊ အသင်းသားများ တက်ရောက်လှူဒါန်းကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ဖိတ်ကြားထားသည်။

(၆၁)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဖားရွှေကျော်လမ်းပေါ်ရှိ တံတားပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၆ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးနေဦးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်အောင်ဖြိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဆန်းဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော တင်ပုလွဲ - ခမင်းဆိပ်ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းသို့ ဇူလိုင် ၁၆ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာဦးတင်ထွေး ရှင်းလင်းတင်ပြစဉ်။

(၃၈၃)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့် ပြည့်နေသော ငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံးဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)"အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ နယူးဒေလီမြို့ Hyderabad House ရှိ Conference Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite ၌ တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့☆